**တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**ဒုတိယနေ့အစီအစဉ်**

**၅-၆-၂၀၂၆ (သောကြာနေ့)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကလေးဝ မြို့နယ်၊ တရားရေးဌာနပိုင် မြေဧရိယာ(၁.၀၁၃)ဧကပေါ်တွင် RC နှစ်ထပ် တရားရုံး အဆောက်အဦးအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် တည်ဆောက် ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလို ပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မုံရွာမြို့ပေါ်ရှိ ပျက်စီးနေသော ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများကို ပြန်လည်ပြုပြင် တည်ဆောက်ပြီး ရုံးခန်းများပြန်လည်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ဘုတလင်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးဆေးကုသမှု ပြန်လည်ဆောင်ရွက်ပေးရန်အတွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးအား အမြန်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ရေဦးမြို့အား လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ရန်အတွက် မည်သို့စီစဉ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "စစ်ကိုင်းတိုင်း ကျွန်းလှ၊ ကန့်ဘလူမြို့နယ်များအား (၂၄)နာရီလျှပ်စစ်မီးပြန်လည်ရရှိရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "မြို့သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် မြို့နယ်များကို မည်သို့အဆင့်သတ်မှတ်၍ ဖွဲ့စည်းပုံ ခွင့်ပြုထားသည့် မြို့နယ်အဆင့် သတ်မှတ်ချက်အလိုက် ယာဉ်၊ ယန္တရားရရှိမှု၊ တစ်နှစ်တာ စည်ပင်သာယာအခွန်ငွေကောက်ခံရရှိမှု၊ ခွဲဝေသုံးစွဲမှုတို့ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန် "**တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးမှ ထောက်ခံဆွေးနွေးခြင်း။

၇။ ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန် "**တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ လွှတ်တော်ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။

၁၀။ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်း ဖတ်ကြားခြင်း။

၁၁။ လွှတ်တော်ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၂။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။